# မွန်ပြည်နယ်လွှတ်တော်

# မွန်ပြည်နယ်စည်ပင်သာယာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ

(၂၀၁၃ ခုနှစ်၊ မွန်ပြည်နယ်လွှတ်တော်ဥပဒေအမှတ် ၅။)

# မွန်ပြည်နယ်လွှတ်တော်

# မွန်ပြည်နယ်စည်ပင်သာယာရေးဥပဒေ

(၂၀၁၂ ခုနှစ်၊ မွန်ပြည်နယ်လွှတ်တော်ဥပဒေအမှတ်၊ ၆။)

## မွန်ပြည်နယ်စည်ပင်သာယာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ

(၂၀၁၃ ခုနှစ်၊ မွန်ပြည်နယ်လွှတ်တော်ဥပဒေအမှတ်၊ ၅)(၁၀.၄.၂၀၁၃)ပါ

ဥပဒေပြဋ္ဌာန်းချက်များကိုပြင်ဆင်ဖြည့်စွက်ဖော်ပြထားသည်။)

# မွန်ပြည်နယ်စည်ပင်သာယာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ

## (၂၀၁၃ ခုနှစ်၊ မွန်ပြည်နယ်လွှတ်တော်ဥပဒေအမှတ် ၅။)

၁၃၇၄ ခုနှစ်၊ တပေါင်းလကွယ်

(၂၀၁၃ ခုနှစ်၊ ဧပြီလ ၁၀ ရက်)

မွန်ပြည်နယ်လွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို မွန်ပြည်နယ်စည်ပင်သာယာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေ ဟု ခေါ်တွင်စေရမည်။

၂။ (က) မွန်ပြည်နယ်စည်ပင်သာယာရေးဥပဒေ ပုဒ်မ ၂ တွင် အောက်ပါပုဒ်မခွဲများဖြည့်စွက်ရမည်-

“(င) ပြည်နယ်စည်ပင်သာယာရေးကော်မတီ ဆိုသည်မှာ မြို့နယ်စည်ပင်သာယာရေးကော်မတီ လုပ်ငန်းများကို ကြီးကြပ်ခြင်း၊ ပေါင်းစပ်ညှိနှိုင်းခြင်းဆောင်ရွက်ရန် မွန်ပြည်နယ်စည်ပင်သာယာရေး ဥပဒေ ပုဒ်မ ၄ အရ ဖွဲ့စည်းထားသောကော်မတီကို ဆိုသည်၊

(စ) မြို့နယ်စည်ပင်သာယာရေးကော်မတီ ဆိုသည်မှာ မွန်ပြည်နယ်စည်ပင်သာယာရေးဥပဒေ ပုဒ်မ ၈ အရ ဖွဲ့စည်းထားသော ကော်မတီကို ဆိုသည်၊”

(ခ) မွန်ပြည်နယ်စည်ပင်သာယာရေးဥပဒေ ပုဒ်မ ၂ တွင် ပုဒ်မခွဲ (ဇ) ကို ပယ်ဖျက်ရမည်။

(ဂ) မွန်ပြည်နယ်စည်ပင်သာယာရေးဥပဒေပုဒ်မ ၂ တွင် ပုဒ်မခွဲ(င)၊ (စ)၊ (ဆ)၊ (ဈ)၊ (ည)၊ (ဋ)၊ (ဌ) (ဍ)၊ (ဎ)၊ (ဏ)၊ (တ)နှင့် (ထ)တို့ကို ပုဒ်မခွဲ(င)၊ (စ)၊ (ဆ)၊ (ဇ)၊ (ဈ)၊ (ည)၊ (ဋ)၊ (ဌ)၊ (ဍ)၊ (ဎ)၊ (ဏ)၊ (တ)၊ (ထ)နှင့် (ဒ)တို့အဖြစ် ညွှန်းဆိုသည့်ဥပဒေပုဒ်မခွဲကိုပါ ပြောင်းလဲအမှတ်စဉ်ရမည်။

၃။ မွန်ပြည်နယ်စည်ပင်သာယာရေးဥပဒေ ပုဒ်မ ၄ ကို အောက်ပါအတိုင်းအစားထိုးရမည် -

“၄။ ပြည်နယ်အစိုးရအဖွဲ့သည် မြို့နယ်စည်ပင်သာယာရေးကော်မတီလုပ်ငန်းများကို ကြီးကြပ်ခြင်း၊ ပေါင်းစပ်ညှိနှိုင်းခြင်းဆောင်ရွက်ရန် ပြည်နယ်စည်ပင်သာယာရေးကော်မတီကို ဖွဲ့စည်းရမည်။”

၄။ မွန်ပြည်နယ်စည်ပင်သာယာရေးဥပဒေ ပုဒ်မ ၅ ကို အောက်ပါအတိုင်းအစားထိုးရမည် -

“၅။ ပြည်နယ်အစိုးရအဖွဲ့သည် ပြည်နယ်စည်ပင်သာယာရေးကော်မတီဖွဲ့စည်းရာတွင် ကော်မတီ၏ ဥက္ကဋ္ဌအဖြစ် ပြည်နယ်အစိုးရအဖွဲ့ စည်ပင်သာယာရေးဝန်ကြီးဌာနဝန်ကြီးကို တာဝန်ပေးနိုင်သည်။”

၅။ မွန်ပြည်နယ်စည်ပင်သာယာရေးဥပဒေ ပုဒ်မ ၈ ကို ပယ်ဖျက်၍ အောက်ပါအတိုင်း ပုဒ်မ ၈၊ ပုဒ်မ ၉၊ ပုဒ်မ ၁၀၊ ပုဒ်မ ၁၁ တို့ဖြင့် အစားထိုးရမည် -

“၈။ မြို့နယ်စည်ပင်သာယာရေးကော်မတီများကို အောက်ပါအတိုင်းဖွဲ့စည်းရမည် -

(က) မြို့မိမြို့ဖဆန္ဒဖြင့် ရွေးချယ်သည့်ပုဂ္ဂိုလ် ဥက္ကဋ္ဌ

(ခ) လူထုအခြေပြုအဖွဲ့အစည်းများဆန္ဒဖြင့် ရွေးချယ်သည့်ပုဂ္ဂိုလ် အဖွဲ့ဝင်

(ဂ) မြို့မိမြို့ဖဆန္ဒဖြင့်ရွေးချယ်သည့် လုပ်ငန်းအတွေ့အကြုံရှိသည့် ပုဂ္ဂိုလ် အဖွဲ့ဝင်

(ဃ) မြို့မိမြို့ဖဆန္ဒဖြင့် ရွေးချယ်သည့်မြို့မိမြို့ဖ အဖွဲ့ဝင်

(င) ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အဖွဲ့ဝင်

(စ) ဒုတိယဦးစီးမှူး၊ ကျေးလက်ဖွံ့ဖြိုးရေးဦးစီးဌာန အဖွဲ့ဝင်

(ဆ) အမှုဆောင်အရာရှိ၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အတွင်းရေးမှူး

၉။ မြို့နယ်စည်ပင်သာယာရေးကော်မတီဖွဲ့စည်းမှုတွင် ပြည်သူကိုယ်စားပြုခြင်း၊ နယ်မြေဒေသကို ကိုယ်စားပြုခြင်းများကို အခြေခံဆောင်ရွက်ရမည်။

၁၀။ မြို့နယ်စည်ပင်သာယာရေးကော်မတီဝင်များ၏ အရည်အချင်းသတ်မှတ်ခြင်း၊ ကော်မတီဝင်အဖြစ်မှ ရပ်စဲခြင်း၊ ကော်မတီသက်တမ်းတို့ကို ပြည်နယ်အစိုးရအဖွဲ့က သတ်မှတ်ဆောင်ရွက်နိုင်သည်။

၁၁။ ပြည်နယ်အစိုးရအဖွဲ့သည် စည်ပင်သာယာရေးကော်မတီ၏ ခံစားခွင့်ကို မြို့နယ်အခွန်အခဝင်ငွေအခြေအနေကိုမူတည်ပြီး မြို့နယ်အလိုက် သတ်မှတ်ခွင့်ပြုနိုင်သည်။”

၆။ မွန်ပြည်နယ်စည်ပင်သာယာရေးဥပဒေ ပုဒ်မ ၉ ကို ပုဒ်မ ၁၂ အဖြစ် ပြောင်းလဲအမှတ်စဉ်ရမည်။

၇။ မွန်ပြည်နယ်စည်ပင်သာယာရေးဥပဒေ ပုဒ်မ ၁၀ ကို ပုဒ်မ ၁၃ အဖြစ် ပြောင်းလဲအမှတ်စဉ်ပြီး ယင်းပုဒ်မ ၁၃ တွင် အောက်ပါပုဒ်မခွဲအား ဖြည့်စွက်ရမည် -

“(ဂ) စည်ပင်သာယာရေးအဖွဲ့ပိုင်မြေများကို ပြည်နယ်အစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် စီမံခန့်ခွဲခြင်း။”

၈။ မွန်ပြည်နယ်စည်ပင်သာယာရေးဥပဒေတွင်ပါရှိသော ပုဒ်မ ၁၁၊ ၁၂၊ ၁၃၊ ၁၄၊ ၁၅၊ ၁၆၊ ၁၇၊ ၁၈၊ ၁၉၊ ၂၀၊ ၂၁၊ ၂၂၊ ၂၃၊ ၂၄၊ ၂၅၊ ၂၆၊ ၂၇၊ ၂၈၊ ၂၉၊ ၃၀၊ ၃၁၊ ၃၂၊ ၃၃၊ ၃၄၊ ၃၅၊ ၃၆၊ ၃၇၊ ၃၈၊ ၃၉၊ ၄၀၊ ၄၁၊ ၄၂၊ ၄၃၊ ၄၄၊ ၄၅၊ ၄၆၊ ၄၇၊ ၄၈၊ ၄၉၊ ၅၀၊ ၅၁၊ ၅၂၊ ၅၃၊ ၅၄၊ ၅၅၊ ၅၆၊ ၅၇၊ ၅၈၊ ၅၉၊ ၆၀၊ ၆၁၊ ၆၂၊ ၆၃၊ ၆၄၊ ၆၅၊ ၆၆၊ ၆၇၊ ၆၈၊ ၆၉၊ ၇၀၊ ၇၁၊ ၇၂၊ ၇၃၊ ၇၄၊ ၇၅၊ ၇၆၊ ၇၇၊ ၇၈၊ ၇၉၊ ၈၀၊ ၈၁၊ ၈၂၊ ၈၃၊ ၈၄၊ ၈၅ နှင့် ၈၆ တို့အား ပုဒ်မ ၁၄၊ ၁၅၊ ၁၆၊ ၁၇၊ ၁၈၊ ၁၉၊ ၂၀၊ ၂၁၊ ၂၂၊ ၂၃၊ ၂၄၊ ၂၅၊ ၂၆၊ ၂၇၊ ၂၈၊ ၂၉၊ ၃၀၊ ၃၁၊ ၃၂၊ ၃၃၊ ၃၄၊ ၃၅၊ ၃၆၊ ၃၇၊ ၃၈၊ ၃၉၊ ၄၀၊ ၄၁၊ ၄၂၊ ၄၃၊ ၄၄၊ ၄၅၊ ၄၆၊ ၄၇၊ ၄၈၊ ၄၉၊ ၅၀၊ ၅၁၊ ၅၂၊ ၅၃၊ ၅၄၊ ၅၅၊ ၅၆၊ ၅၇၊ ၅၈၊ ၅၉၊ ၆၀၊ ၆၁၊ ၆၂၊ ၆၃၊ ၆၄၊ ၆၅၊ ၆၆၊ ၆၇၊ ၆၈၊ ၆၉၊ ၇၀၊ ၇၁၊ ၇၂၊ ၇၃၊ ၇၄၊ ၇၅၊ ၇၆၊ ၇၇၊ ၇၈၊ ၇၉၊ ၈၀၊ ၈၁၊ ၈၂၊ ၈၃၊ ၈၄၊ ၈၅၊ ၈၆၊ ၈၇၊ ၈၈ နှင့် ၈၉ အဖြစ် ညွှန်းဆိုသည့်ဥပဒေပုဒ်မများကိုပါ ပြောင်းလဲအမှတ်စဉ်ရမည်။

၉။ မွန်ပြည်နယ်စည်ပင်သာယာရေးဥပဒေ ပုဒ်မ ၉၀ ကို အောက်ပါအတိုင်းအစားထိုးရမည် -

“၉၀။ ပြည်နယ်စည်ပင်သာယာရေးကော်မတီ၏အတွင်းရေးမှူးတာဝန်ဆောင်ရွက်သော စည်ပင်သာယာရေး အဖွဲ့ ညွှန်ကြားရေးမှူး၊ မြို့နယ်စည်ပင်သာယာရေးကော်မတီ အတွင်းရေးမှူးတာဝန် ထမ်းဆောင်သော မြို့နယ်စည်ပင်သာယာရေးအမှုဆောင်အရာရှိသည် မိမိတို့ကော်မတီ အစည်းအဝေး ဆုံးဖြတ်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရမည်။ ရုံးလုပ်ထုံးလုပ်နည်း၊ လက်စွဲများ ပြုစုဆောင်ရွက်နိုင်သည်။”

၁၀။ မွန်ပြည်နယ်စည်ပင်သာယာရေးဥပဒေတွင်ပါရှိသော ပုဒ်မ ၈၇၊ ၈၈၊ ၈၉၊ ၉၀၊ ၉၁၊ ၉၂ နှင့် ၉၃၊ တို့အား ပုဒ်မ ၉၁၊ ၉၂၊ ၉၃၊ ၉၄၊ ၉၅၊ ၉၆ နှင့် ၉၇ အဖြစ် ညှိနှိုင်းဆိုသည့် ဥပဒေပုဒ်မများကိုပါ ပြောင်းလဲအမှတ်စဉ်ရမည် ။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(အုန်းမြင့်)
ဝန်ကြီးချုပ်
ပြည်နယ်အစိုးရအဖွဲ့